## တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးထားသော
## တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ၏
## ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဦးဆောင်အဖွဲ့ (PPST) အစည်းအဝေး (၂၃/၂၀၂၂)

# ထုတ်ပြန်ကြေညာချက်

၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ (၆) ရက်

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဦးဆောင်အဖွဲ့ (PPST) အစည်းအဝေး (၂၃/၂၀၂၂)ကို ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ (၅-၆) ရက်နေ့တွင် ကျင်းပခဲ့သည်။ ဤအစည်းအဝေးမှ လက်ရှိနိုင်ငံရေးအခြေအနေများ၊ ပြည်တွင်းအခြေအနေများအား ဆွေးနွေးညှိနှိုင်းပြီးနောက် အောက်ပါ ဘုံသဘောထား ရပ်တည်ချက်များကို ထုတ်ပြန်ကြေညာအပ်သည်။

၁။ ၂၀၂၁ ခုနှစ်အတွင်း နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းဖြင့် မဖြေရှင်းပဲ အင်အားသုံးဖြေရှင်းမှုများကြောင့် အပြစ်မဲ့ပြည်သူများ သေကြေခြင်း၊ အတိဒုက္ခမျိုးစုံခံစားရခြင်း၊ လူမှုစီးပွားရေးများ နိမ့်ဆင်းသွားခြင်း၊ လူငယ်များ၏ အနာဂတ်များ ပျောက်ဆုံးသွားရမှုများအတွက် PPST က အထူးတုန်လှုပ်ဝမ်းနည်းရပါသည်။ ယခုနှစ်သစ် ၂၀၂၂ ခုနှစ်တွင် ပြည်သူများ ခံစားနေရသော အတိဒုက္ခများကို လျှော့ချနိုင်ရေးအတွက် နိုင်ငံရေးပြဿနာများကို နိုင်ငံရေးဆွေးနွေးခြင်းနည်းဖြင့် ဖြေရှင်းကြပါရန် သက်ဆိုင်ရာ အစုအဖွဲ့အားလုံးကို ပန်ကြားအပ်ပါသည်။ ပြည်သူများအားလုံး ၂၀၂၂ နှစ်သစ်တွင်  ခံစားနေရသည့် အတိဒုက္ခများ ကင်းဝေးပြီး လွတ်လပ်ငြိမ်းချမ်းသည့် ဒီမိုကရေစီအရသာကို ပြန်လည်ခံစားနိုင်ကြပါစေကြောင်းနှင့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကြီး တည်ဆောက်ရေးအတွက် ဝိုင်းဝန်းပါဝင်ကြပါရန် တိုက်တွန်းရင်း နှစ်သစ်ကူးဆုမွန်ကောင်းတောင်းအပ်ပါသည်။

၂။ လာမည့် ၂၀၂၂ ခုနှစ်တွင် ချမှတ်ထားသည့် PPST လုပ်ငန်းစဉ်များအဖြစ် လက်ရှိမြန်မာနိုင်ငံ အကျပ်အတည်းဖြေရှင်းရေးတွင် PPST သည် NCA ၏ အနှစ်သာရကို သော်လည်းကောင်း၊ PPST ၏ နိုင်ငံရေးဦးတည်ချက် (၇) ရပ်ကိုသော်လည်းကောင်း အခြေခံ၍  နိုင်ငံရေးအကြပ်အတည်းများကို ဖြေရှင်းနိုင်ရေးအတွက် ကြိုးပမ်းသွားမည်။

၃။ ၂၀၂၁ ခုနှစ် ဒီဇင်ဘာလအတွင်း ဖြစ်ပျက်ခဲ့သော ကယားပြည်နယ် ဖရူဆို မိုဆို ကိစ္စ ၊ လေးကေကော် ငြိမ်းချမ်းရေးမြို့သစ်ကိစ္စနှင့် အခြားဒေသများရှိ အမျိုးသမီးများ၊ ကလေးများနှင့် သက်ကြီးရွယ်အိုများ အပါအဝင် အရပ်သားများအပေါ် စစ်ကောင်စီ၏ လူသားမဆန် ကျူးလွန်မှုများကို PPST အနေဖြင့် ပြင်းထန်စွာ ကန့်ကွက်ရှုံ့ချသည်။

၄။ လက်ရှိနိုင်ငံရေး အကျပ်အတည်း ဖြေရှင်းရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများ၊ ကုလသမဂ္ဂ အထူးကိုယ်စားလှယ်၊  အာဆီယံနိုင်ငံများအပါဝင် နိုင်ငံတကာ၏ကြားဝင်စေ့စပ်ဖြေရှင်းမှုများသည် မြန်မာ့နိုင်ငံ၏ ပကတိနိုင်ငံရေးအခြေအနေနှင့်အညီ လက်တွေ့ကျကျဆောင်ရွက်နိုင်ရေးကို PPST အနေဖြင့် ကြိုးပမ်းဆောင်ရွက်သွားမည်။

၅။ မြန်မာနိုင်ငံ၏ လက်ရှိနိုင်ငံရေးအကြပ်အတည်းကို ဖြေရှင်းနိုင်ရေးအတွက် သက်ဆိုင်သူများ အားလုံးပါဝင်သော အဓိပ္ပါယ်ပြည့်ဝသည့် နိုင်ငံရေးဆွေးပွဲများဖြင့်သာ ဖြေရှင်းနိုင်မည်ဟု ယုံကြည်ပါသည်။

**ဆက်သွယ်ရန်။**

၁။ ရဲဘော်မျိုးဝင်း (+၉၅) ၀၉၄၂၀၃၃၀၄၅၃

၂။ ခွန်မြင့်ထွန်း (+၆၆) ၀၈၂၄၉၂၇၃၆၁